
Panasonic

# အသုံးပြုပုံလမ်းညွှန်ချက်များ

## (အိမ်တွင်သုံးရန်သာ) ဆံပင်အခြောက်ခံစက်

မော်ဒယ်နံပါတ်။ **EH-NE20**

**EH-ND30**



ဤအခြောက်ခံစက်ကို အသုံးမပြုမီ အောက်ပါလမ်းညွှန်ချက်များကို ပြည့်စုံစွာဖတ်၍နောင်တွင်အသုံးပြုနိုင်ရန်သိမ်းဆည်းထားပါ။

# မာတိကာ


ဘေးကင်းလုံခြုံရေးကြိုတင်ကာကွယ်သတိပေးချက် ........ ၃

**အစိတ်အပိုင်းများအားခွဲခြမ်းစိတ်ဖြာခြင်း** ........ ၁၀

ဆံပင်အခြောက်ခံစက်ကိုအသုံးပြုပုံ ........ ၁၁

အိုင်ယွန်အကြောင်း(EH-NE20အတွက်သာ) ........ ၁၁

အပူကာကွယ်မှုအကြောင်း ........ ၁၁

ဆံပင်အခြောက်ခံစက်ကိုပြုပြင်ထိန်းသိမ်းခြင်း ........ ၁၂

ပြဿနာရှာဖွေဖြေရှင်းခြင်း ........ ၁၄

**အသေးစိတ်အချက်အလက်များ** ........ ၁၅




ဤပန်နာဆိုးနစ်ထုတ်ကုန်ကိုဝယ်ယူအားပေးသည့်အတွက် ကျေးဇူးတင်ပါသည်။

# ဘေးကင်းလုံခြုံရေးကြိုတင်ကာကွယ်သတိပေးချက်

အနာတရဖြစ်မှု၊အသက်ဆုံးရှုံးမှု၊ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်း၊ပစ္စည်းဥစ္စာဆုံးရှုံးခြင်းများကိုလျော့ချရန်အောက်ပါဘေးကင်းလုံခြုံရေးကြိုတင်ကာကွယ်မှုများကိုအမြဲသတိပြုပါ။

## အမှတ်သင်္ကေတရှင်းလင်းချက်

အောက်ပါသင်္ကေတများသည်အညွှန်းသင်္ကေတများကိုလျစ်လျူရှုခြင်းမလျော်ကန်စွာအသုံးပြုခြင်းများပြုလုပ်သည့်အခါတွင်ဖြစ်ပေါ်လာသောဘေးအန္တရာယ်၊အနာတရ၊ပစ္စည်းဥစ္စာဆုံးရှုံးခြင်းများကိုခွဲခြားဖော်ပြရာတွင်အသုံးပြုပါသည်။

| | |
|---|---|
| **အရေးကြီးသတိပေးချက်** | ဒဏ်ရာပြင်းထန်မှု(သို့)အသက်ဆုံးရှုံးမှုကိုဖြစ်စေနိုင်သောဘေးအန္တရာယ်အလားအလာကိုဖော်ညွှန်းသည်။ |
| **သတိပေးချက်** | အသေးစားဒဏ်ရာ(သို့)ပစ္စည်းဥစ္စာဆုံးရှုံးမှုကိုဖြစ်စေနိုင်သောဘေးအန္တရာယ်ကိုဖော်ညွှန်းသည်။ |

အောက်ပါသင်္ကေတများသည်သတိပြုရမည့်လမ်းညွှန်ချက်များကိုခွဲခြားဖော်ပြရာတွင်အသုံးပြုသည်။

| | |
|---|---|
| ⃠ | ဤသင်္ကေတသည်မလုပ်ဆောင်သင့်သောသတ်မှတ်ထားသည့်လုပ်ငန်းစဉ်ကိုအသုံးပြုသူများထံသတိပေးသည့်အခါတွင်အသုံးပြုသည်။ |
| ! | ဤသင်္ကေတသည်ယူနစ်တစ်ခုအားလုံခြုံဘေးကင်းစွာလည်ပတ်နိုင်ရန်လိုက်နာရမည့်သတ်မှတ်ထားသောလုပ်ငန်းစဉ်ကိုအသုံးပြုသူများထံသတိပေးသည့်အခါတွင်အသုံးပြုသည်။ |

"လုံခြုံရေးကြိုတင်ကာကွယ်မှုများ"တွင်ဖော်ပြချက်များသည်ထုတ်ကုန်နှင့်လိုက်၍ပြောင်းလဲနိုင်ပါသည်။

# အရေးကြီးသတိပေးချက်

**ကလေးငယ်များလက်လှမ်းမှီသော နေရာတွင်မထားပါနှင့်။**

**ကလေးများကိုအသုံးပြုခွင့်မပြုပါနှင့်။**

–ပြုလုပ်ပါက မီးလောင်ခြင်း၊ဓာတ်လိုက်ခြင်း၊ထိခိုက်ဒဏ်ရာရခြင်းများရှိနိုင်ပါသည်။

---

**ပြုပြင်ခြင်း၊အစိတ်အပိုင်းများကိုဖြုတ်ခြင်း၊ပြန်လည်မွမ်းမံခြင်းများမပြုလုပ်ပါနှင့်။**

–ပြုလုပ်ပါကပုံမှန်မဟုတ်သောလုပ်ဆောင်ချက်ကြောင့်မီးလောင်ခြင်း၊အနာတရဖြစ်ခြင်းများရှိနိုင်ပါသည်။

---

**လျှပ်စစ်ကြိုးကိုရစ်ပတ်ခြင်း၊ဆွဲခြင်း၊အားဖြင့်ကွေးခြင်းဖြင့်ပြုပြင်ခြင်း(သို့)ပျက်စီးခြင်းမပြုပါနှင့်။ကြိုးကိုဖိခြင်း၊ပစ္စည်းအလေးများတင်ခြင်းမပြုပါနှင့်။**

–ပြုလုပ်ပါကလျှပ်စစ်ပတ်လမ်းတိုခြင်းကြောင့်ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်းများရှိနိုင်ပါသည်။

---


**မီးကြိုးအစည်းလိုက်ဖြင့်အသုံးမပြုပါနှင့်။**

–ပြုလုပ်ပါကမီးလောင်ခြင်း၊ဓာတ်လိုက်ခြင်းများရှိနိုင်ပါသည်။

---

**သိမ်းဆည်းရာတွင်အခြောက်ခံစက်၏အဓိကအပိုင်းကိုကြိုးဖြင့်ရစ်ပတ်ခြင်းမပြုပါနှင့်။**

–ပြုလုပ်ပါကကြိုး၏ဝန်ကျိုးကာလျှပ်စီးလောင်ကျွမ်းမှုကြောင့်ဓာတ်လိုက်ခြင်း၊
မီးလောင်ခြင်းများရှိနိုင်သည်။



---

**ပလတ်ခေါင်း(သို့)ကြိုးပျက်စီးသည့်အခါ(သို့)ပူနေသည့်အခါမျိုးတွင်အသုံးမပြုပါနှင့်။**

–ပြုလုပ်ပါကလျှပ်စစ်ပတ်လမ်းတိုခြင်းကြောင့်အပူကျွမ်းခြင်း၊ဓာတ်လိုက်ခြင်း(သို့)မီးလောင်ခြင်းများရှိနိုင်ပါသည်။

---

# အရေးကြီးသတိပေးချက်



**ပလက်ခေါင်းသည် အိမ်သုံးပလက်ပေါက်တွင် လျော့လျော့ရဲရဲဖြစ်နေပါက ကိရိယာတွင်လျော့လျော့ရဲရဲဖြစ်ပါကကိရိယာအားအသုံးမပြုပါနှင့်။**

–ပြုလုပ်ပါက လျှပ်စစ်ပတ်လမ်းတို ခြင်းကြောင့် အပူကျွမ်းခြင်း၊ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်းများဖြစ်ပေါ်နိုင်ပါသည်။

---

**ရေစိုနေသောလက်နှင့်ပလက်ပေါက်တွင် ပလက်ခေါင်းထိုးခြင်း၊ထုတ်ခြင်းမပြုပါနှင့်။**

–ပြုလုပ်ပါက ဓာတ်လိုက်ခြင်း၊အနာတရဖြစ်ခြင်းများရှိနိုင်ပါသည်။

---

**ရေစိုသောလက်ဖြင့်ကိရိယာအားအသုံးမပြုပါနှင့်။**

–ပြုလုပ်ပါက လျှပ်စီးလောင်ကျွမ်းခြင်းကြောင့်ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်းများရှိနိုင်ပါသည်။

---

**ပါဝါခလုတ်ဖွင့်၍မထားပါနှင့်။**

–ပြုလုပ်ပါက မီးလောင်ကျွမ်းနိုင်ပါသည်။

---

**အစိုဓာတ်များသော ရေချိုးခန်းကဲ့သို့နေရာမျိုးတွင်ကိရိယာကို ထားရှိခြင်းမပြုပါနှင့်။မှန်တင်ခုံကဲ့သို့ရေများလျှံကျနိုင်သောနေရာမျိုးတွင်လည်းမထားပါနှင့်။**

–ပြုလုပ်ပါကဓာတ်လိုက်ခြင်း၊မီးလောင်ကျွမ်းခြင်းများရှိနိုင်ပါသည်။

---

**လေဝင်ပေါက်၊လေထွက်ပေါက်၊အိုင်ယွန်ထွက်ပေါက်ထဲသို့ဆံညှပ်များ၊အခြားသောအရာများထည့်ခြင်း၊ပိတ်ဆို့ခြင်းမျိုးမပြုပါနှင့်။**

–ပြုလုပ်ပါကမီးလောင်ခြင်း၊ဓာတ်လိုက်ခြင်းအပူကျွမ်းခြင်းများရှိနိုင်ပါသည်။

---

**အရက်၊ဘန်ဇင်း၊တင်နာ၊မှုတ်ဆေး၊ဆံကေသာထိန်းသိမ်းမှုထုတ်ကုန်၊လက်သည်းဖျက်ဆေးကဲ့သို့ ပေါက်ကွဲမှုလွယ်သောပစ္စည်းများနှင့်နီးသောနေရာတွင်အသုံးမပြုပါနှင့်။**

–ပြုလုပ်ပါက ပေါက်ကွဲခြင်း၊မီးလောင်ခြင်းများ ရှိနိုင်ပါသည်။

---

**ဤကိရိယာကို စီးပွားဖြစ်သုံးခြင်း၊သင့်လျော်သောထိန်းသိမ်းမှုမရှိဘဲသုံးခြင်းမျိုးမပြုပါနှင့်။**

– ပြုလုပ်ပါက စဉ်ဆက်မပြတ်အသုံးပြုခြင်း၊အဆမတန်အသုံးပြုခြင်းကြောင့် အပူကျွမ်းခြင်း၊မီးလောင်ခြင်းများရှိနိုင်ပါသည်။

---

**ကိရိယာအား ရေစိမ်ခြင်းမပြုပါနှင့်။**
**ရေနှင့်နီးသောနေရာတွင်မထားပါနှင့်။**
**ရေချိုးကန်၊ရေပန်း၊ဘေစင်နှင့်အခြားရေပါသောခွက်များတွင်မထားပါနှင့်။**

–ပြုလုပ်ပါက ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်းများရှိနိုင်ပါသည်။



**ကိရိယာပေါ်ရှိအနီရောင်တားမြစ်သင်္ကေတသည် ရေနှင့်နီးသောနေရာတွင် ကိရိယာအားအသုံးမပြုရန်သတိပေးခြင်းဖြစ်သည်။**

---

**အကယ်၍ ပုံမှန်မဟုတ်ခြင်း၊စက်ပစ္စည်းချွတ်ယွင်းခြင်းများရှိသည့်အခါ ပလပ်ကိုဖြုတ်၍အသုံးပြုခြင်းကိုရပ်လိုက်ပါ။**

–ဆက်လက်အသုံးပြုပါက မီးလောင်ခြင်း၊ဓာတ်လိုက်ခြင်း၊အနာတရဖြစ်ခြင်းများရှိနိုင်ပါသည်။

**(ပုံမှန်မဟုတ်ခြင်း(သို့)စက်ပစ္စည်းချွတ်ယွင်းခြင်းဖြစ်ရပ်များ)**

- **လေမထွက်ခြင်း**
- **ယူနစ်သည် ပြတ်တောင်းပြတ်တောင်းရပ်ခြင်း**
- **အတွင်းပိုင်းသည်ရဲရဲနီလာ၍ မီးခိုးငွေ့ထွက်လာခြင်း**

–ယင်းကဲ့သို့ဖြစ်ပါက သတ်မှတ်ထားသော ဝန်ဆောင်မှုစင်တာတွင် စစ်ဆေးခြင်း၊ပြင်ဆင်ခြင်းများ ချက်ခြင်းပြုလုပ်ပါ။

---

**ပလပ်ခုံတစ်ခုတည်းတွင်သာအသုံးပြုပါ။မီးကြိုးအပိုဖြင့်အသုံးမပြုပါနှင့်။**
**ပလပ်ခေါင်းအားသေချာထိုးပါ။**

ကိရိယာပေါ်တွင်ဖော်ပြထားသည့်သတ်မှတ်ဗို့အားနှင့်ကိုက်ညီသောလျှပ်စစ်ဓာတ်အားအရင်းအမြစ်ဖြင့်သာ ကိရိယာကိုအသုံးပြုပါ။

–ယင်းကဲ့သို့ မပြုလုပ်ပါက မီးလောင်ခြင်း၊ဓာတ်လိုက်ခြင်းများဖြစ်နိုင်ပါသည်။

---

**လေပူဖြင့်ကိရိယာအားအသုံးပြုနေချိန် လေထွက်ပေါက်တွင် မီးပွားများမြင်ပါက အသုံးပြုမှုကိုရပ်၍ လေထွက်ပေါက်တွင်ရှိသော ချည်စများကိုဖယ်ပါ။**

–ယင်းကဲ့သို့ မပြုလုပ်ပါက အပူကျွမ်းခြင်း၊မီးလောင်ခြင်းများရှိနိုင်ပါသည်။

မြန်မာ

# အရေးကြီးသတိပေးချက်

**အသုံးပြုပြီးသည့်အခါတွင် အိမ်သုံးပလပ်ခုံများမှ ပလပ်ခေါင်းကိုဖြုတ်၍ ပါဝါခလုတ်ကို အမြဲပိတ်ပါ။**

–မပြုလုပ်ပါက မီးလောင်ခြင်း၊အပူကျွမ်းခြင်းများရှိနိုင်ပါသည်။

---

**ပလပ်ဖြုတ်သည့်အခါ ပလပ်ခေါင်းကိုကိုင်၍ ဖြုတ်ပါ။ကြိုးမှမဆွဲပါနှင့်။**

–မပြုလုပ်ပါက ကြိုးအတွင်းရှိ ဝိုင်ယာကြိုးပျက်ကာ လျှပ်စီးလောင်ကျွမ်းခြင်းကြောင့် အပူကျွမ်းခြင်း၊ဓာတ်လိုက်ခြင်း၊ မီးလောင်ခြင်းများရှိနိုင်ပါသည်။

---

**ဖုန်များစုလာခြင်းမှကာကွယ်ရန် ပလပ်ခေါင်းအား မှန်မှန်သန့်ရှင်းပါ။**

–မပြုလုပ်ပါက စိုထိုင်းမှုကြောင့်ဖြစ်ပေါ်လာသော အပူချိန်ကျဆင်းမှုကြောင့် မီးလောင်နိုင်ပါသည်။ ပလပ်ခေါင်းကို ဖြုတ်၍အဝတ်ခြောက်ခြောက်ဖြင့်သုတ်ပါ။

---

**ကိရိယာအားပိတ်လိုက်သည့်အချိန်တွင်ပင် ရေအနားတွင်ထားသည့်အတွက် အန္တရာယ်ရှိနိုင်သောကြောင့် ရေချိုးခန်းတွင် အသုံးပြုပြီးနောက် ခလုတ်ဖြုတ်ပါ။**

–မပြုလုပ်ပါက မတော်တဆထိခိုက်မှု (သို့) အနာတရဖြစ်မှုများရှိနိုင်ပါသည်။

---

**ထပ်ဆောင်းကွယ်မှုအတွက်ရေချိုးခန်းတွင်အသုံးပြုသောလျှပ်စစ်ပတ်လမ်းသည် ၃၀ မီလီအမ်ပီယာ ထက်မပိုသောသတ်မှတ်ထားသည့် ကြွင်းကျန်သောလည်ပတ်လမ်းကြောင်းရှိသည့် အာစီဒီ တပ်ဆင်ခြင်းမျိုးရှိသင့်ပါသည်။သင့်အားတပ်ဆင်ပေးသူကို အကြံဉာဏ်တောင်းပါ။**

–မပြုလုပ်ပါက မတော်တဆထိခိုက်မှု (သို့) အနာတရဖြစ်မှုများရှိနိုင်ပါသည်။

---

**၎င်းကိရိယာသည် ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာ အားနည်းသူများ၊ဘေးကင်းလုံခြုံမှုအတွက်တာဝန်ရှိသူတစ်ယောက်မှ ကိရိယာ၏အသုံးပြုပုံအားလမ်းညွှန်ချက်မရှိ ဘဲအတွေ့အကြုံဗဟုသုတအားနည်းသူများအသုံးမပြုသင့်ပါ။ကလေးငယ်များကို လည်း ၎င်းကိရိယာနှင့်ဆော့ကစားခြင်းမပြုရန်ဂရုစိုက်သင့်ပါသည်။**

–မပြုလုပ်ပါက မတော်တဆထိခိုက်မှု (သို့) အနာတရဖြစ်မှုများရှိနိုင်ပါသည်။

---

**အကယ်၍ကြိုးပျက်စီးသွားပါကဘေးအန္တရာယ်ကာကွယ်ရန် ထုတ်လုပ်သူ၊ပစ္စည်း၏ဝန်ဆောင်မှုအေးဂျင့်(သို့)ပညာရှင်များမှ အစားထိုးလဲလှယ်ပေးရမည်။**

–မပြုလုပ်ပါက မတော်တဆထိခိုက်မှု (သို့) အနာတရဖြစ်မှုများရှိနိုင်ပါသည်။

---

မြန်မာ

# သတိပေးချက်

**ကြိုးကိုရစ်ပတ်၍မထားပါနှင့်။**

–ယင်းကဲ့သို့ပြုလုပ်ပါက ကြိုးအတွင်းရှိ ဝါယာကြိုးသည် ဖိအားကြောင့်ပျက်စီးပြီး လျှပ်စီးပတ်လမ်းတို ကြောင့် ဓာတ်လိုက်ခြင်း (သို့) မီးလောင်ခြင်းများရှိနိုင်ပါသည်။

**လွတ်ကျခြင်း(သို့)အရာဝတ္ထုများနှင့်မထိမိပါစေနှင့်။**

–ယင်းကဲ့သို့ပြုလုပ်ပါက ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်းများရှိနိုင်ပါသည်။

**ပျက်စီးနေသော လေဝင်ပေါက်များကို အသုံးမပြုပါနှင့်။**

–လေဝင်ပေါက်တွင် ဆံပင်များညှိကာ ပျက်စီးနိုင်ပါသည်။

**ကိရိယာ၏ ပူနေသောလေထွက်ပေါက်နှင့်တပ်ဆင်ထားသောပိုက်ခေါင်းကို မကိုင်ပါနှင့်။**

–ပြုလုပ်ပါက အပူကျွမ်းနိုင်ပါသည်။

**ကလေးငယ်များအတွက်အသုံးမပြုပါနှင့်။**


–ပြုလုပ်ပါက အပူကျွမ်းနိုင်ပါသည်။

# သတိပေးချက်



**လက်ကိုင်အား ခေါက်ထားသည့်အချိန်တွင်ဖြစ်စေ၊ဖြန့်ထားသည့်အချိန်တွင်ဖြစ်စေ အောက်ဖော်ပြပါပုံတွင် ပြထားသည့်အရိပ်ကျသောနေရာများကိုမကိုင်ပါနှင့်။**

–ပြုလုပ်ပါက လက်ချောင်းအနာတရ ဖြစ်နိုင်ပါသည်။




**အသုံးပြုနေစဉ် လေထွက်ပေါက်အတွင်းသို့ မကြည့်ပါနှင့်။**

–ဆံပင်အခြောက်ခံစက်သည် လေနှင့်အတူ ဖုန်မှုန့်များပါလာသည့်အတွက်ထိခိုက်ဒဏ်ရာရနိုင်ပါသည်။

**လေထွက်ပေါက်နှင့်ဆံပင်ကြားတွင် ၃ စင်တီမီတာခြား၍အသုံးပြုပါ။**

–သို့မဟုတ်ပါက ဆံပင်များအပူကျွမ်းနိုင်ပါသည်။




**လေဝင်ပေါက်နှင့်ဆံပင်အားအနည်းဆုံး ၁၀ စင်တီမီတာခြား၍အသုံးပြုပါ။**

–လေဝင်ပေါက်တွင် ဆံပင်များညှိကာပျက်စီးနိုင်ပါသည်။



**လူတို့၏ဆံပင်များကိုသာ အခြောက်ခံခြင်း၊ပုံသွင်းခြင်းအတွက်သာအသုံးပြုပါ။(အိမ်မွေးတိရစ္ဆာန်များ၊အဝတ်အထည်၊ရှူးဖိနပ်အစရှိသည်တို့ကိုအခြောက်ခံရန်အသုံးမပြုပါနှင့်။)**

အကယ်၍အသုံးပြုပါက မီးလောင်ခြင်း၊အပူကျွမ်းခြင်း ဖြစ်စေနိုင်သည်။

## ▶ မှတ်ချက်


- ဤကိရိယာသည် အပူလွန်ကဲခြင်းအားအလိုအလျောက်ကာကွယ်ပေးသောကိရိယာကိုတပ်ဆင်ထားပါသည်။

  အကယ်၍ကိရိယာသည်အပူလွန်ကဲလာသည့်အခါ လေအေးစနစ်သို့ ကူးပြောင်းသွားပါမည်။

  ထိုအခါ ခလုတ်ပိတ်၍ ပလပ်ခုံမှဖြုတ်ပါ။နောက်တစ်ကြိမ်ထပ်မံအသုံးမပြုမီ မိနစ်အနည်းငယ် အအေးခံပါ။အသုံးမပြုခင်တွင် လေဝင်ပေါက်နှင့်လေထွက်ပေါက်တို့ကို ဖုန်မှုန့်၊ဆံပင်တို့ရှိမရှိစစ်ဆေးပါ။

# အစိတ်အပိုင်းများကိုခွဲခြမ်းစိတ်ဖြာခြင်း






က **လေထွက်ပေါက်**

ခ **ပိုက်ခေါင်း**

ဂ **အိုင်ယွန်ထွက်ပေါက်** **(EH-NE20 အတွက်သာ)**

ဃ **လေဝင်ပေါက်**

င **လက်ကိုင်**

စ **ချိတ်ကွင်း**

ဆ **ကြိုး**

ဇ **ပလပ်ခေါင်း**

ပလပ်ခေါင်းအရွယ်အစားသည် နေရာပေါ်လိုက်၍ ပြောင်းလဲနိုင်ပါသည်။

ဈ **ပါဝါခလုတ်**

| | |
|---|---|
|  | မြှင့်စက်(လေပူအပြင်းထွက်ခြင်း) |
|  | အပူကာကွယ်ခြင်း(လေနွေးအပြင်းထွက်ခြင်း) |
|  | လေအေးအပြင်း(လေအေးအပြင်းထွက်ခြင်း) |
|  | ပိတ်သည် |

(ထုတ်ကုန်အကြောင်းဖော်ပြရာတွင် အချို့လမ်းညွှန်ချက်များသည် EH-NE20 မော်ဒယ်၏သရုပ်ပြချက်များအတွက်သာ အသုံးပြုပါသည်။)

# ဆံပင်အခြောက်ခံစက်၏အသုံးပြုပုံ

၁။ ဆံပင်အခြောက်ခံစက်အားအသုံးမပြုမီ ပါဝါခလုတ်သည် “ 0 ” ပုံစံအတိုင်းရှိမရှိစစ်ဆေးပြီးမှသာ အိမ်သုံးပလပ်ခုံတွင်ပလပ်ထိုး၍ပါဝါခလုတ်ကိုဖွင့်ပါ။

၂။ ပါဝါခလုတ်တွင်သင့်လျော်သောလေစီးကြောင်းကိုရွေး၍ဆံပင်ကိုအခြောက်ခံပါ။

မြန်မာ

၃။ ပါဝါခလုတ်အား “ 0 ” ပုံစံသို့ထားပြီးမှ ပလပ်ခုံမှ ပလပ်ခေါင်းကိုဖြုတ်ပါ။

## ► ပိုက်ခေါင်း

လွယ်ကူစွာ ဆံပင်ပုံသွင်းရန်နှင့်အခြောက်ခံရန် ပိုက်ခေါင်းကို ဆံပင်အခြောက်ခံစက်တွင်တပ်ဆင်ပါ။

- ပိုက်ခေါင်းသည် ဆံပင်ခြောက်ရန်လိုသောနေရာများကို တိုက်ရိုက်လေမှုတ်ပေးပါသည်။

# အိုင်ယွန်အကြောင်း(EH-NE20အတွက်သာ)

အိုင်ယွန်များသည်လေထဲရှိ အစိုဓာတ်နှင့်အောက်စီဂျင်တို့ပေါင်းစပ်ထားသောအမှုန်များဖြစ်၍သာမန်မျက်စိဖြင့်မမြင်နိုင်ပါ။
(အိုင်ယွန်ဖြစ်ပေါ်လာခြင်းနည်းလမ်း ፡ ဗို့အားမြင့်ထုတ်လွှင့်ခြင်း)

## ► မှတ်ချက်

- ဤဆံပင်အခြောက်ခံစက်အားအသုံးပြုနေစဉ်ထူးခြားသောရနံ့တစ်ခုထွက်လာနိုင်သည်။ထိုရနံ့သည်လူကိုမထိခိုက်စေနိုင်ပါ။
- အိုင်ယွန်သည် ဆံပင်ကောက်ထားသူများ၊ဆံပင်အလိပ်ရှိသူများ၊ဆံကေသာနူးညံ့သူများ၊ဆံပင်တိုသူများ၊သုံးလေးလအတွင်းဆံပင်ဖြောင့်ထားသူများအပေါ်အကျိုးသက်ရောက်မှုမရှိပါ။

# အပူကာကွယ်ခြင်းအကြောင်း

ဤစနစ်သည် ဆံကေသာနှင့်ဦးရေပူခြင်းမှကာကွယ်ရန် လေငြိမ်၍နွေးထွေးသောအပူကို ပေးပါသည်။

# ဆံပင်အခြောက်ခံစက်ပြုပြင်ထိန်းသိမ်းခြင်း

ပါဝါခလုတ်ပိတ်၍အိမ်သုံးပလပ်ခုံမှ ပလပ်ခေါင်းကိုဖြုတ်ပါ။(လေထွက်ပေါက်တွင် ပြုပြင်ထိန်းသိမ်းခြင်းများဆောင်ရွက်ချိန်မှလွဲ၍)

## ဆံပင်အခြောက်ခံစက်ထိန်းသိမ်းခြင်း

ဆံပင်အခြောက်ခံစက်ညစ်ပေနေသည့်အခါတွင် စက်ကိုယ်ထည်ကို သန့်ရှင်းပါ။

စက်အုံအားနူးညံ့သော အဝတ်ကို ဘုံပိုင်ရေ(သို့)ဆပ်ပြာရေဖြင့်အနည်းငယ်ပွတ်၍သန့်ရှင်းအောင်လုပ်ပါ။

### ▶ မှတ်ချက်


- အရက်၊လက်သည်းဖျက်ဆေး၊ကြေးချွတ်ဆေး(လက်ဆေးဆပ်ပြာရည်၊အစရှိသည်)များကိုမသုံးပါနှင့်။


  –အသုံးပြုပါက စက်ချွတ်ယွင်းခြင်း၊အစိတ်အပိုင်းများအက်ကွဲခြင်း၊အရောင်ကျွတ်ခြင်းအစရှိသည်တို့ဖြစ်နိုင်ပါသည်။
- ဆံပင်အခြောက်ခံစက်ကို ဆံပင်နှင့်ဆိုင်သော အခြားပစ္စည်းများ၊မိတ်ကပ်များနှင့်အတူထားပါက လက်ကိုင်(သို့)စက်ကိုယ်ထည်တွင်ကပ်နေသောအရာများသည် ပလတ်စတစ်ကိုအရည်အသွေးကျစေပြီး အရောင်ကျွတ်ခြင်း၊အက်ကွဲခြင်း၊စက်ချို့ယွင်းခြင်းကိုဖြစ်စေပါသည်။

## လေဝင်ပေါက်ပြုပြင်ထိန်းသိမ်းခြင်း


လေဝင်ပေါက်ကို တစ်လတစ်ကြိမ်(သို့)တစ်ထက်ကြိမ်ထက်ပို၍သန့်ရှင်းပါ။

- လေဝင်ပေါက်မှ ချည်စချည်န၊ဆံပင်နှင့် အခြားသောအရာများကို တစ်ရှူး(သို့)သွားတိုက်တံသုံး၍သန့်ရှင်းပါ။





လေဝင်ပေါက်တွင်ဖုန်များရှိနေပါက ៖ ဖုန်စုပ်စက်ဖြင့်သန့်ရှင်းပါ(က)




### ▶ မှတ်ချက်

- လေဝင်ပေါက်ကို လက်သည်း(သို့)တခြားချွန်ထက်သောအရာဖြင့်ဖိခြင်း၊ပွတ်ခြင်းမပြုပါနှင့်။

  –ပြုလုပ်ပါက လေဝင်ပေါက်ကို ပျက်စီးစေပါသည်။

## လေထွက်ပေါက်ပြုပြင်ထိန်းသိမ်းခြင်း


လေထွက်ပေါက်များကို တစ်လတစ်ကြိမ်(သို့)တစ်ကြိမ်ထက်ပို၍သန့်ရှင်းပါ။

ပိုက်ကွက်တွင်ပိတ်နေသော ဖုန်မှုန့်၊ဆံပင် အစရှိသည်များကိုဖယ်၍ပိုက်ကွက်ကို တိုက်ချွတ်ဆေးကြောပါ။

- လေထွက်ပေါက်ကိုပြုပြင်ထိန်းသိမ်းနေစဉ်မှသာလျှင် ဆံပင်အခြောက်ခံစက်ကို ပလပ်ခုံတွင် ပလပ်ထိုးထားသင့်ပါသည်။
- ပါဝါခလုတ်ကို " ❄ " အနေအထားသို့ပြောင်းပြီးသွားတိုက်တံနှင့်တိုက်ချွတ်သကဲ့သို့ ဖုန်မှုန့်များကို လေအေးသုံး၍မှုတ်ထုတ်ပါ။

### ► မှတ်ချက်

- ပြုပြင်ထိန်းသိမ်းနေစဉ် လေဝင်ပေါက်ကို လက်ဖြင့်မပိတ်ပါနှင့်။
- လေထွက်ပေါက်ထိန်းသိမ်းနေစဉ်အတွင်းနှင့် ထိန်းသိမ်းပြီးနောက်တွင် ဖုန်မှုန့်များသည် ပြန့်ကျဲနိုင်ပါသည်။ဆံပင်အခြောက်ခံစက်ကို အသုံးမပြုခင်လေထွက်ပေါက်မှဖုန်မှုန့်များကို မမှုတ်မိအောင် သတိထားပါ။(လေထွက်ပေါက်အတွင်းသို့ မကြည့်ပါနှင့်)




(အလွယ်တကူရနိုင်သောသွားတိုက်တံကိုသာအသုံးပြုပါ)

## အိုင်ယွန်ထွက်ပေါက်ကိုထိန်းသိမ်းခြင်း(EH-NE20အတွက်သာ)

အိုင်ယွန်ထွက်ပေါက်ကို ခြောက်လတစ်ကြိမ် သန့်ရှင်းပါ။

ဤပြုပြင်ထိန်းသိမ်းခြင်းသည် အိုင်ယွန်ထုတ်လုပ်မှုကို ကြာရှည်ထိန်းသိမ်းနိုင်ရန် အထောက်အကူပြုပါသည်။

- သာမန် ဝါဂွမ်းစများကို သုံးပါ။(ကလေးငယ်များအတွက် အသုံးပြုသည့် ဝါဂွမ်းစအပါးများကိုသုံးပါ။)
- ဝါဂွမ်းစများကို အဆုံးထိ(၆မီလီမီတာ)ညင်သာစွာထည့်၍ နှစ်ကြိမ်၊သုံးကြိမ်ခန့်လှည့်ပါ။




မြန်မာ

# ပြဿနာရှာဖွေဖြေရှင်းခြင်း

<table>
<tr><th>ပြဿနာ</th><th>ဖြစ်နိုင်သောအကြောင်းအရာ</th><th>လုပ်ဆောင်မှု</th></tr>
<tr><td>အပူစနစ်သုံးနေစဉ်လေအေးများမကြာခဏထွက်ခြင်း (သို့)ကိုယ်ထည်အတွင်းမီးပွားများတွေ့ရှိခြင်းများဖြစ်သည်။<br>(ထိုမီးပွားများသည်အပူချိန်ညှိကိရိယာခလုတ်ကာကွယ်ရေးကိရိယာများကြောင့်ဖြစ်ပေါ်ခြင်းဖြစ်ပြီး အန္တရာယ်မရှိပါ)</td><td rowspan="3">ချည်စများသည် လေဝင်ပေါက်(သို့)လေထွက်ပေါက်တွင်စုပုံနေသည်။<br>ဆံပင်(သို့)အခြားအရာများ လေဝင်ပေါက်တွင်ပိတ်နေသည်။</td><td rowspan="3">စုပုံနေသောချည်စကိုရှင်းပါ။<br>လေဝင်ပေါက်ကိုမပိတ်ပါစေနှင့်။</td></tr>
<tr><td>လေပူများသည်လေအေးအဖြစ်သို့ထပ်ကာထပ်ကာပြောင်းနေသည်။</td></tr>
<tr><td>လေပူများသည်ပုံမှန်ထက်ပိုပူနေသည်။</td></tr>
<tr><td>ပလပ်ခေါင်းသည်ပုံမှန်ထက်ပိုပူနေသည်။</td><td>အိမ်သုံးပလပ်ခုံနှင့်ချိတ်ဆက်မှုသည်လျော့ရဲရဲဖြစ်နေသည်။</td><td>ခိုင်မြဲလုံခြုံစွာတပ်ဆင်ထားသောအိမ်သုံးပလပ်ခုံကိုအသုံးပြုပါ။</td></tr>
<tr><td>အိုင်ယွန်ထွက်ပေါက်ထဲတွင်မီးပွားများရှိနေသည်။(EH-NE20အတွက်သာ)</td><td rowspan="2">ညစ်ပေနေသောလျှပ်ခေါင်း(အပ်ပေါက်ရာ)ကြောင့်မှုမမှန်ခြင်းများရှိသည်။</td><td rowspan="2">အိုင်ယွန်ပြုပြင်ထိန်းသိမ်းခြင်းများဆောင်ရွက်ပါ။</td></tr>
<tr><td>အိုင်ယွန်ထွက်ပေါက်သည်တဖြောက်ဖြောက်မြည်သံထွက်နေသည်။(EH-NE20အတွက်သာ)</td></tr>
</table>

အကယ်၍ပြဿနာများကို မဖြေရှင်းနိုင်ပါက ပြန်လည်ပြင်ဆင်ရန်အတွက်ကိရိယာအားဝယ်ယူခဲ့သောစတိုး(သို့) ပန်နာဆိုးနစ် ဝန်ဆောင်မှုစင်တာများကိုဆက်သွယ်မေးမြန်းနိုင်ပါသည်။

# အသေးစိတ်အချက်အလက်များ

| | | | |
|---|---|---|---|
| ထုတ်ကုန်အမည် | ဆံပင်အခြောက်ခံစက် | | |
| ထုတ်ကုန်မော်ဒယ် | EH-NE20,EH-NE30 | | |
| စွမ်းအားအရင်းအမြစ် | ၂၂၀ဗို့ ~ ၅၀–၆၀ဟတ်စ် | ၂၃၀ဗို့ ~ ၅၀–၆၀ဟတ်စ် | ၂၄၀ဗို့ ~ ၅၀–၆၀ဟတ်စ် |
| စွမ်းအားအသုံးပြုမှု | ၁၅၀၀ ဝပ် | ၁၆၅၀ ဝပ် | ၁၈၀၀ ဝပ် |
| အပိုပစ္စည်း | ပိုက်ခေါင်း | | |

ဤထုတ်ကုန်သည် အိမ်သုံးအတွက်သာဖြစ်သည်။

Panasonic Manufacturing (Thailand) Co., Ltd.
Navanakorn Industrial Estate, Zone 3, No. 106 Moo 18,
Klong 1, Klong Luang, Patum Thani 12120, Thailand